The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# တရုတ်-မြန်မာကျောင်းသားတို့ ချစ်ကြည်ရေးမျိုးစေ့ကို အဖော်စပ်၍ ကြဲပက်ခဲ့ကြ

ယူနန်ပြည်နယ် ရွှေလီမြို့တွင် နိုင်ငံ့တံခါးသည် ပထဝီအနေအထား၏ နယ်စပ်ဖြစ်ရုံသာမက ချစ်ကြည်ရေး၏ စမှတ်လည်း ဖြစ်သည်။ နေ့စဉ်မနက်ခင်းတွင် မြန်မာကလေးငယ်များသည် နယ်စပ်ဂိတ်ကို ဖြတ်ကျော်၍ တရုတ်နိုင်ငံမှ စာသင်ကျောင်းများသို့ သွားရောက်ပြီး ''အဖော်စပ်''ထားသော တရုတ်ကျောင်းသားများနှင့် အတူသင်ယူ၊ ဆော့ကစားကြသည်။ ဖြူစင်မှုတို့ဖြင့် နိုင်ငံဖြတ်ကျော်ချစ်ကြည်ရေးကို ရက်လုပ်လျက်ရှိပါသည်။ ကျယ်ခေါင်မှ ယင်ကျင်အထိ ထို့နောက် ဝမ်တိန်အရောက် ... နိုင်ငံ့တံခါးဘေးမှ ကျောင်းများကို တရုတ်-မြန်မာကလေးငယ်တို့၏ နိုင်ငံဖြတ်ကျော်လာသည့် ရှင်သန်မှုအမှတ်တရများနှင့် ချိတ်ဆက်ပေးထားသည်။

## သူငယ်ချင်းကောင်းတို့ အတူဆော့ကစား

ကျယ်ခေါင် မူလတန်းကျောင်း ၅ တန်းမှ ရှီရှော့နှင့် မြန်မာကျောင်းသူ ဘုန်းဝေသော်၏ ချစ်ကြည်ရေးသံယောဇဉ်သည် အစားအသောက်မှ စတင်ခဲ့သည်။ ''ကျောင်းပိတ်ရက်မှာ သူက ကျွန်မကို မြန်မာပလာတာစားဖို့ ခေါ်သွားပါတယ်။ ကျွန်မက သူ့ကို အန်းပေါ့ဖက်ထုပ်ထုပ်နည်း သင်ပေးခဲ့တယ်။''ရှီရှော့က သရေစာများ အတူစားခြင်းမှ တရုတ်လမုန့်၊ မြန်မာအုန်းဆံမုန့် အတူလုပ်ခြင်းအထိ အစားအသောက်သည် သူမတို့ ချစ်ကြည်ရေးသံယောဇဉ်၏ ချိုမြိန်သော ချိတ်ဆက်မှုများဖြစ်ကြောင်း ပြုံးရယ်ကာ ပြောပြသည်။

အတန်းနားခေါင်းလောင်းမြည်လာသည်နှင့် ယင်ကျင်မူလတန်းကျောင်း ဘတ်စကက်ဘောကွင်း၌ မြန်မာနိုင်ငံ မန်ရှိုရွာတွင် နေထိုင်သည့် ၃ တန်းမှ ကျောင်းသူ နန်းယဉ်မေသည် ဘတ်စကက်ဘောကို ကျွမ်းကျင်စွာ ကစားနေပြီး သူမနံဘေးမှ အသင်းဖော်သည် တရုတ်ကျောင်းသူကျန့်ယွီထုံဖြစ်ပါသည်။ နှစ်ဦးသားသည် ဘောလုံးသယ်ခြင်း၊ ဘောလုံးပေးခြင်းများကို တွဲဖက်ညီစွာ ကစားနေပါသည်။ ကျောင်းတွင် သူမတို့သည် အတန်းအတူတက်၍ လှုပ်ရှားမှုများတွင် အတူပါဝင်ဆင်နွှဲကြပါသည်။ ''ကျွန်မတို့က သူငယ်ချင်းကောင်းတွေပါ။''နန်းယဉ်မေ၏ မိဘများသည် လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။ သူမက ''ကျွန်မ တရုတ်စာကို ကောင်းကောင်း တတ်ချင်တယ်။ နောက်ကျရင် အလှပြင်ဆိုင်ဖွင့်ပြီး အဖေနဲ့အမေကို ကောင်းကောင်းနေစေချင်တယ်''ဟု ပြောသည်။

ယောကျ်ားလေးများ၏ ချစ်ကြည်ရေး သံယောဇဉ်သည်လည်း ဘောလုံးကွင်းထဲတွင် အမြစ်တွယ်နေပါသည်။ ၄ တန်းတက်ရောက်နေစဉ်တွင် ကျယ်ခေါင်မူလတန်းကျောင်းမှ မြန်မာကျောင်းသား လီကွမ်းယံသည် ''နောက်ပြန်ကန်ချက်''ဖြင့် ဘောလုံးပြိုင်ပွဲ၏ အဓိကကျသော သွင်းဂိုးကို သွင်းနိုင်ခဲ့သဖြင့် တရုတ်ကျောင်းသား ကျန်းဝင်ရှန်၏ လေးစားအားကျမှုကို ရရှိခဲ့သည်။ ကျန်းဝင်ရှန်က သူ့ကို ဆရာတင်၍ ဘောလုံးပညာသင်ယူခဲ့ရာမှ နှစ်ဦးသားသည် ဘောလုံးကွင်းထဲမှ တွဲဖက်ကောင်းများ ဖြစ်လာခဲ့သည်။ ''သူက ကျွန်တော့်ကို ဘောလုံးသင်ပေးတယ်၊ ကျွန်တော်က သူ့ကို တရုတ်ပွဲတော်တွေအကြောင်း ပြောပြတယ်''ဟု ကျန်းဝင်ရှန်က ပြောပြသည်။ ယခုအခါတွင် မွေးနေ့ ၃-၄ ရက်သာ ကွာခြားသော ဤ''ဘောလုံးညီအစ်ကို''သည် နှစ်စဉ်နှစ်တိုင်း မွေးနေ့အတူတကွ ပြုလုပ်တတ်ကြပါသည်။

## အဖော်စပ်၍ အတူသင်ယူ

၃ တန်းမှ ကျောင်းသား မာကျွင့်ယောင်နှင့် မြန်မာကျောင်းသား ထက်တံခွန်တို့၏ အဖော်စပ်မှုသည် မတွေ့ရတာကြာမှ ပြန်လည်ဆုံတွေ့ခြင်းနှင့် တူလှပါသည်။ နှစ်ဦးသားသည် ငယ်စဉ်အခါက အိမ်နီးနားချင်းများဖြစ်ပြီး အိမ်ပြောင်းသွားသဖြင့် ဝေးသွားခဲ့ကြသည်။ ထက်တံခွန်သည် ကျယ်ခေါင်နိုင်ငံ့တံခါးမူလတန်းကျောင်းသို့ ကျောင်းပြောင်းလာချိန်တွင် မာကျွင့်ယောင်သည်လည်း အတန်းထဲတွင် ရှိနေကြောင်း အံ့သြဝမ်းသာစွာ တွေ့လိုက်ရသည်။ ''သူက အခုထိ ခဲတံထိပ်ကို ကိုက်တဲ့ အကျင့်ရှိနေတုန်းပဲ''ဟု ထက်တံခွန်က ပြောဆိုသည်။ ဆရာက တရုတ်-မြန်မာနှစ်နိုင်ငံမှ ကျောင်းသားများ ''အဖော်စပ်''ရန် ဆောင်ရွက်ချိန်တွင် မာကျွင့်ယောင်သည် ပထမဆုံး လက်ထောင်၍ ဤသူငယ်ချင်းဟောင်းနှင့် အဖော်စပ်ရန် ပြောလိုက်သည်။ ထိုအချိန်မှစ၍ အတန်းထဲ၊ အားကစားကွင်းထဲစသည့် နေရာတိုင်းတွင် သူတို့ကို တတွဲတွဲ တွေ့မြင်ခဲ့ရသည်။

အလားတူအကြောင်းအရာများသည်လည်း ယင်ကျင်နယ်စပ်မူလတန်းကျောင်းတွင် ဖြစ်ပွားခဲ့သည်။ နေ့စဉ်မနက်ပိုင်းတွင် အသက် (၉) နှစ်အရွယ်ရှိသော ကျန်းယဉ်နှင့် ဝေယဉ်စံသည် မြန်မာနိုင်ငံ မန်ရှိုရွာမှ နိုင်ငံ့နယ်နိမိတ်ကို ဖြတ်ကျော်၍ ကျောင်းလာတက်ကြသည်။ ''ဒီနေရာမှာ ကျွန်တော်တို့ တရုတ်သူငယ်ချင်းတွေ အများကြီးရခဲ့တယ်''၊ ''သူတို့က ကျွန်တော့်ကို တရုတ်သီချင်းသင်ပေးတယ်၊ ကျွန်တော်က သူတို့ကို မြန်မာနိုင်ငံက သင်္ကြန်ပွဲတော်အကြောင်း ပြောပြတယ်''ဟု ကျန်းယဉ်က ပြောပြသည်။ ဝေယဉ်စံကမူ ''ကျောင်းမှ သင်ရတဲ့ တရုတ်ဘာသာနဲ့ သချာင်္က ကျောင်းပိတ်ရက် အိမ်ကအလုပ်တွေကို ကူလုပ်တဲ့အချိန်မှာ အသုံးကျခဲ့ပါတယ်။ ကျွန်မ စာကောင်းကောင်းသင်ယူပြီး တရုတ်-မြန်မာ ချစ်ကြည်ရေးရဲ့ တမန်တော်လေးဖြစ်ချင်ပါတယ်''ဟု ပြောခဲ့သည်။

## လက်ချင်းတွဲ၍ ချစ်ကြည်ရေးကို ပြန့်ပွားစေ

ယင်ကျင်နယ်စပ် မူလတန်းကျောင်းတွင် မြန်မာကျောင်းသားများသည် သုံးပုံတစ်ပုံနှင့်အထက်တွင် ရှိပါသည်။ ကျယ်ခေါင်နိုင်ငံ့တံခါးမူလတန်းကျောင်းတွင်မူ ကျောင်းသား ၄၇၃ ဦးတွင် မြန်မာကျောင်းသား ၂၂၅ ဦးရှိပါသည်။ စာရင်းများအရ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ ရွှေလီမြို့တွင် နိုင်ငံခြားကျောင်းသား ၂၂၃၉ ဦးရှိပြီး မူကြိုကျောင်းမှ အထက်တန်းကျောင်းအထိ ပါဝင်ပါသည်။

''ကျယ်ခေါင်နိုင်ငံ့တံခါးမူလတန်းကျောင်းက ၂၀၀၅ ခုနှစ်ကစပြီး မြန်မာကျောင်းသားတွေ လက်ခံခဲ့တာပါ။ သူတို့တွေက တရုတ်နိုင်ငံ အခြေခံကျောင်းမှာ လာရောက်ပညာသင်ယူပြီး တရုတ်ကျောင်းသားတွေနဲ့ တူညီတဲ့ ပညာရေးခံစားခွင့်တွေ ရှိပါတယ်။'' ကျယ်ခေါင်မူလတန်းကျောင်း ကျောင်းအုပ်ကြီး ရန်အင်းဖုန့်က ကျောင်းတွင် တရုတ်-မြန်မာနှစ်နိုင်ငံမှ ကျောင်းသားများ ''တစ်ဦးချင်းစီ''၊ ''အဖော်စပ်'' ဆိုသည့် ရိုးရာရှိခဲ့ကြောင်း၊ မိမိတို့သည် သဘောတရားများကို အတင်းအကျပ် မပြောဘဲ အတူဆက်ဆံနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးကြောင်း၊ ကလေးများကို နေ့စဉ်အပြန်အလှန်ဆက်ဆံမှုများတွင် ချစ်ကြည်ရေးကို ရရှိစေခဲ့ကြောင်း၊ ကလေးများလက်ချင်းတွဲခြင်း၊ ကလေးနှင့်လူကြီး လက်ချင်းတွဲခြင်းမှ တရုတ်-မြန်မာယဉ်ကျေးမှုကို လက်ဆင့်ကမ်းသွားပြီး၊ ပေါက်ဖော်ချစ်ကြည်ရေးကို အမွေဆက်ခံသွားမည်ဖြစ်ကြောင်း မိတ်ဆက်ပြောပြသည်။

ကျောင်းဆင်းချိန်တွင် ရှီရှော့နှင့် ဘုန်းဝေသော်သည် မြစ်နံဘေးမှ ရင်ပြင်သို့ ပြေးသွားခဲ့ကြသည်။ ကျန်းဝင်ရှန်နှင့် လီကွမ်းယံသည် ဘောလုံးအတူသွားကန်ကြသည်။ ထက်တံခွန်နှင့် မာကျွင့်ယောင်တို့သည် အိမ်ပြန်လမ်းကို အတူလျှောက်လှမ်းခဲ့ကြသည်။ ကျန်းယဉ်နှင့် ဝေယဉ်စံသည် လက်ချင်းတွဲ၍ ကျောင်းတံခါးမှ ထွက်လာခဲ့သည်။ လူငယ်များ၏ ရယ်မောသံများသည် နိုင်ငံ့တံခါးကို ဖြတ်ကျော်၍ လူသားတို့၏ ရင်ထဲတွင် ပဲ့တင်ထပ်နေသည်။

တယ်ဟုန်မီဒီယာ၊ လန်ချန်း-မဲခေါင်နိုင်ငံတကာပြန်ကြားရေး WeChat Channel၊

ပြည်သူ့နေ့စဉ်သတင်းစာ

နိုင်ငံတကာ WeChat

